# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 10 , 2024 Volume 77, Number 8

၁၀.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၆.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၁.၄၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၆.၆ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၂.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၈၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြ၍သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ငါးရှဉ့်ပိဿာချိန် ၆၃,၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ ငါးရှဉ့်ပိဿာချိန် ၈၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချသည့် ငါးရှဉ့်များကို ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်က ဝယ်ယူမှုအားကောင်းနေကြောင်း သိရသည်။

"မတ်လ ပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်က သိသိသာသာ ဝယ်ယူမှုအားကောင်းခဲ့ပါတယ်၊ ပြည်ပငါးရှဉ့်တင်ပို့တဲ့ လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာတာနဲ့ ပြည်တွင်းက ငါးရှဉ့်ဝယ်ယူမှု အားကောင်းလာတာကြောင့် ငါးရှဉ့်ဝယ်လိုအားက ကောင်းလာတာပါ။ တစ်လအတွင်း ငါးရှဉ့် ပိဿာချိန် ၈၅,၀၀၀ ထိ ရန်ကုန်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဘိုကလေးမြို့နယ်ကရရှိတဲ့ ငါးရှဉ့်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အခုလို ငါးရှဉ့်ဈေးကောင်းရလာတော့ ငါးရှဉ့်မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အလုပ်အကိုင်ရရှိလာပါတယ်" ဟု ဘိုကလေးမြို့နယ်မှ

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်မြို့သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့သို့ ပြည်လည ်တင်ပို့ရောင်းချလျက်ရှိပြီး လက်ရှိငါးရှဥ့်တစ်ပိဿာလျှင် ငွေကျပ် ၁၃,၅၀၀ ထိ ဈေးပေါက်နေကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ထံမှ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မြန်မာ့သစ်တောထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၇ သန်းကျော်ရရှိ



မြန်မာ့သစ်တောထွက်ကုန်များ တင်ပို့မှုမှာ ဧပြီလ ၁ ရက်နေ့မှစတင်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် မတ်လ ၂၂ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၆၅ ဒသမ ၇ သန်းရှိပြီး အစိုးရကဏ္ဍမှ ၀ ဒသမ ၇၇ သန်းနှင့် ပုဂ္ဂလိကကဏ္ဍမှ ကန်ဒေါ်လာ ၆၄ ဒသမ ၉ သန်းကျော်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရသိရသည်။

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီမှမတ်လအထိ)တွင် မြန်မာနိုင်ငံ၏ သစ်တောထွက်ကုန်ပစ္စည်း တင်ပို့မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၃၅ သန်းဖြစ်သည်။ မြန်မာနိုင်ငံသည် ပို့ကုန်မြှင့်တင်ရန်အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ(NES) ၂၀၂၀-၂၀၂၅ ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး (NES) ၏ ဦးစားပေးကဏ္ဍများမှာ စိုက်ပျိုးရေးထုတ်လုပ်မှု၊ အထည်ချုပ်နှင့်အဝတ်အထည်၊ စက်မှုနှင့်အီလက်ထရောနစ်စက်ကိရိယာ၊ ရေထွက်ကုန်လုပ်ငန်း၊ သစ်တောထွက်ကုန်ပစ္စည်း၊ ဒစ်ဂျစ်တယ်ထုတ်လုပ်ရေးနှင့်ဝန်ဆောင်မှုများ၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်၊ အရည်အသွေးစီမံခန့်ခွဲမှု၊ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှု၊ ဆန်းသစ်တီထွင်မှုနှင့်စွန့်ဦးတီထွင်မှုကဏ္ဍများ စသည်တို့လည်းပါဝင်သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၏ လွန်ခဲ့သည့် ၁၁ လကာလအတွင်း မြန်မာပို့ကုန်များတင်ပို့ရောင်းချခြင်းမှ ကန်ဒေါ်လာ ၁၄ ဒသမ ၃ ဘီလီယံအထိရရှိခဲ့သည်ဟု ဆိုသည်။

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/19107

## ဆောင်းနှမ်းလက်ကျန်နည်းနေပြီး နွေနှမ်းစိုက်ချိန်ဖြစ်၍ နှမ်းဈေးအမြင့်ဈေးဖြင့်ငြိမ်နေ

ဆောင်းနှမ်းလက်ကျန်နည်းနေပြီး နွေနှမ်းစိုက်ချိန်ဖြစ်၍ နှမ်းဈေး အမြင့်ဈေးဖြင့် ငြိမ်နေကြောင်း ကုန်စည်ဒိုင်များထံမှ သိရသည်။ နှမ်းလက်ကျန်နည်းနေသော်လည်း တရုတ်ဘက်မှ အဝယ်ပုံမှန်မရှိသည့်အတွက် ဈေးငြိမ်နေခြင်းဖြစ်ကြောင်း ကုန်သည်များကဆိုသည်။

အောင်လံကုန်စည်ဒိုင် ဧပြီ ၉ ရက်နေ့ ဈေးကွက်ပေါက်ဈေးအရ နှမ်းနက်စမုန် ၄၅ ပိဿာဝင်တစ်အိတ်ကို ငွေကျပ် ၃၅၀,၀၀၀ ကနေ ၃၈၀,၀၀၀ ကြားထိပေါက်ဈေးရှိပြီး၊ နှမ်းဖြူမှာ ၃၅၀,၀၀၀ ကျပ်၊ နှမ်းညိုမှာ ၃၄၀,၀၀၀ ကျပ်ထိ အမြင့်ဈေးတွင် ငြိမ်နေကြောင်းသိရသည်။

ထို့အပြင် မန္တလေးကုန်စည်ဒိုင်မှာ နှမ်းနက်စမှုံ ၄၅ ပိဿာဝင် တစ်အိတ်ကို ငွေကျပ် ၃၅၅,၀၀၀ ကနေ ၄၀၀,၀၀၀ ကြားထိ ပေါက်ဈေးရှိပြီး နှမ်းဖြူ (ဂျပန်) က ၄၀၀,၀၀၀ မှ ၄၀၅,၀၀၀ ကျပ်၊ နှမ်းဖြူ ခြံကျော် ၂၉၅,၀၀၀ မှ ၃၉၀,၀၀၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရသည်။ ဈေးကွက်မှာ ဆောင်းနှမ်းလက်ကျန်နည်းနေတယ်။ အခုက နွေနှမ်းစိုက်ချိန် ပစ္စည်းကလည်း သိပ်မရှိဘူး။ တရုတ်ဝယ်လက်တစ်ခုပဲရှိတယ်။ ဒီဈေးမှာတက်ပြီးကတည်းက တန့်နေတာကြာပြီ။ ကျလည်းနည်းနည်းပဲ ကျတယ်”ဟု အောင်လံမြို့မှ နှမ်းကုန်သည်တစ်ဦးကပြောသည်။

နှမ်းဈေးကွက်မှာ အရည်အသွေးရှိသည့် အက်စစ်အောင်သည့် နှမ်းများကိုသာ အဓိကထား အရောင်းဝယ်လုပ်ကြကြောင်း သိရသည်။ လက်ရှိ နှမ်းဖြူမှာ တရုတ်ဝယ်လက်နှင့်လုပ်ငန်းရှင်များ အဝယ်နည်းနေသည့်အတွက် ဈေးငြိမ်ပြီး နှမ်းနက်နှင့် နှမ်းညို ကတော့ ဆီစက်သမားများ အဝယ်ရှိကြောင်းသိရသည်။

အခုက နှမ်းက ဈေးကွက်ထဲသိပ်မရှိတော့ဘူး။ လှောင်သမားနဲ့လုပ်ငန်းသမားတွေ အဝယ်နည်းလို့ ဈေးငြိမ်နေတယ် အက်စစ်အောင်တဲ့ နှမ်းကလဲ မရှိသလောက်ရှားသွားပြီ ဒါကြောင့်လဲအေးနေတာ” ဟု မန္တလေးမြို့မှ နှမ်းကုန်သည်တစ်ဦးက ပြောသည်။

ယခင်က မြန်မာ့နှမ်းကို တရုတ်နိုင်ငံ၊ ဂျပန်၊ စင်ကာပူနှင့်ထိုင်ဝမ်တို့ကိုလည်း တင်ပို့လေ့ရှိပြီး လက်ရှိတရုတ်နိုင်ငံ တစ်ခုတည်းကသာ အဝယ်အနည်းငယ်ရှိကြောင်း သိရသည်။ ပြည်တွင်းနှမ်းများကို တစ်နှစ်လျှင် တရုတ်ဘက်သို့ တန်ချိန် ၃ သိန်းခန့်တင်ပို့လျက်ရှိပြီး လက်ရှိတင်ပို့မှု လျော့ကျနေကြောင်းသိရသည်။

နှမ်းတစ်တန်လျှင် FOB ဈေး အရ 1650 မှ1700ဒေါ်လာ ပေါက်ဈေးရှိကြောင်းသိရသည်။ နှမ်းစိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းညို၊ နှမ်းဖြူ၊ နှမ်းနက်မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြပြီး ယခုအချိန်တွင် ရေပေးဝေမှုစောသောကြောင့် နွေနှမ်းများကို အစောဆုံးစိုက်ပျိုးကြပြီး နွေနှမ်းစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ၃၅၀,၀၀၀ ကျပ် ကုန်ကျကြောင်း၊ ယခင်နှစ် နွေနှမ်းအထွက်နှုန်းများအနေဖြင့် တစ်ဧကလျှင် ၈ တင်းခန့် ထွက်ရှိကြောင်းလည်း သိရသည်။

လက်ရှိဘဏ္ဍာနှစ် ၈ လအတွင်း ပြည်ပသို့ နှမ်းတင်ပို့မှုမှ ဒေါ်လာ ၅၅ သန်းကျော်သာရရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ၁၅ ရာခိုင်နှုန်းကျော်လျော့ကျကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကိုးကားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**Source: (AMIA)**

**https://t.me/htwettoe**

## မန္တလေးကုန်စည်ဒိုင်တွင် ကုလားပဲဈေးအဝယ်သွက်၍ဈေးမြင့်လာ

မန္တလေးကုန်စည်ဒိုင်တွင် ဧပြီလဒုတိယပတ်အတွင်း သဲတော၊ ဝမ်းတွင်း၊ ကူမဲ၊ စစ်ကိုင်းနှင့်မုံရွာတို့ဘက်မှ ကုလားပဲ အသစ်များ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်သွက်နေကြောင်းသိရသည်။ ယခင်လက ကုလားပဲဈေးများ ကျဆင်းလာရာမှ ဧပြီလဆန်းပိုင်းတွင် သင်္ကြန်တွင်းကုသိုလ်လုပ်မည့်သူများဝယ်ယူမှုနှင့် စက်ပိုင်များ၏ဝယ်လိုအားကြောင့် ဈေးပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

**ကုလားပဲဖြူကြီး(V–2)** ၇ ဒသမ ၂၅ ပိဿာဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ်၂၄၇,၀၀၀မှ ၂၄၈,၀၀၀၊ ယခင်တစ်ပတ် ကျပ်၂၄၀,၀၀၀၊ ယခင်လ ကျပ် ၂၄၇,၀၀၀မှ ၂၅၀,၀၀၀ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ်၇,၀၀၀မှ ၈,၀၀၀ထိ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ်၂,၀၀၀ ဈေးနိမ့်လာသည်။

**ကုလားပဲဖြူကြီး(V–7)** ၅၇ ဒသမ ၂၅ပိဿာဝင် တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ်၂၅၅,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၂၄၈,၀၀၀မှ ၂၄၉,၀၀၀၊ ယခင်လတွင် ကျပ် ၂၅၀,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၆,၀၀၀မှ ၇,၀၀၀ ထိ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၅,၀၀၀ ထိ ဈေးနိမ့်လာသည်။

**ကုလားပဲ(ထိုင်ဝမ်)** ၅၆ ဒသမ ၂၅ပိဿာဝင် တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၃၀,၀၀၀မှ ၂၃၅,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ် ၂၂၃,၀၀၀မှ ၂၂၇,၀၀၀၊ ယခင်လတွင် ကျပ် ၂၄၂,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၇,၀၀၀မှ ၈၀၀၀ ထိ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ် ၇,၀၀၀ မှ ၁၂,၀၀၀ ဈေးနိမ့်လာသည်။

**ကုလားပဲ(929)** ၅၆ ဒသမ ၂၅ပိဿာဝင် တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၄၂,၀၀၀မှ ၂၄၃,၀၀၀၊ ယခင်တစ်ပတ်တွင် ကျပ်၂၃၀,၀၀၀မှ ၂၃၅,၀၀၀၊ ယခင်လတွင် ကျပ်၂၄၅,၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၈,၀၀၀မှ ၁၂,၀၀၀ထိ ဈေးမြင့်လာပြီး၊ ယခင်လထက် ကျပ်၂,၀၀၀မှ ၃,၀၀၀ထိ ဈေးနိမ့်လာသည်။

Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှုးရုံး

https://myantrade.gov.mm/article/Mandalay_1042024_1148

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ တိရစ္ဆာန်အစားအစာ ဝယ်လိုအား မြင့်တက်

အမေရိကန်နိုင်ငံ၊ စိုက်ပျိုးရေးဌာန၊ ပြည်ပစိုက်ပျိုးရေးဝန်ဆောင်မှု၏ အစီရင်ခံစာအရ စီးပွားရေးစိန်ခေါ်မှုများနှင့် တိရစ္ဆာန်အစာဈေးနှုန်းများ မြင့်မားနေသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စီးပွားဖြစ်ကြက်မွေးမြူရေးခြံကြီးများက လုပ်ငန်းချဲ့ထွင်မှုများကြောင့် တိရစ္ဆာန်အစာဝယ်လိုအားတိုးတက်မည်ဟု ခန့်မှန်းထားသည်။

ငွေကြေးဖောင်းပွမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံးငွေကြေး (တာကာ) တန်ဖိုးကျဆင်းမှုနှင့် နိုင်ငံခြားငွေကြေးအရန်ငွေများ လျော့နည်းလာခြင်းတို့ရှိသော်လည်း ဝယ်လိုအားတိုးတက်မှုကို အဟန့်အတားမဖြစ်ခဲ့ကြောင်း မတ်လ ၁၉ ရက်နေ့က ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တိရစ္ဆာန်အစာထုတ်လုပ်မှုကဏ္ဍ၏ အဆိုအရ ၂၀၂၂ ခုနှစ်တွင် တိရစ္ဆာန်အစာထုတ်လုပ်မှုသည် စုစုပေါင်း တန်ချိန် ၆ ဒသမ ၆ သန်းရှိခဲ့ပြီး ၂၀၃၀ ခုနှစ်တွင် တန်ချိန် ၁၀ သန်းအထိရှိလာမည်ဟု ခန့်မှန်းထားခဲ့သည်။

ကြက်အစာအတွက် ပြောင်းသည် အဓိကကုန်ကြမ်းဖြစ်သော်လည်း ၂၀၂၄-၂၅ ဘဏ္ဍာနှစ်တွင် ပဲပိစပ်အစာသုံးစွဲမှုသည် ယခင်နှစ်ထက် တန်ချိန် ၁၅၀,၀၀၀ တိုးကာ တန်ချိန် ၂ ဒသမ ၆၅ သန်းအထိ ရောက်ရှိမည်ဟုမျှော်မှန်းကြောင်း၊ ထို့ကြောင့် ပဲပိစပ်တင်သွင်းမှုသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၈ သန်းရှိရာမှ တန်ချိန် ၂ သန်းအထိ မြင့်တက်လာနိုင်ပြီး ပဲပိစပ်အစာတင်သွင်းမှုသည် တန်ချိန် ၅၀,၀၀၀ မှ ၁ သန်းအထိ တိုးလာမည်ဟု ခန့်မှန်းထားကြောင်း၊ ပြည်တွင်းပဲပိစပ်ထွက်ရှိမှုသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ယခင်နှစ်ထက် အနည်းငယ်တိုးပြီး တန်ချိန် ၁၅၀,၀၀၀ ရှိမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ဘင်္ဂလားဒေ့ရှ်တွင် မကြာသေးမီနှစ်များအတွင်း ကာနိုလာဆီထုတ်လုပ်သည့် ပန်းနှမ်းသီးနှံ ထုတ်လုပ်မှုတိုးလာခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ပြီးခဲ့သည့်နှစ် ထုတ်လုပ်မှုတန်ချိန် ၁ ဒသမ ၅ သန်း နီးပါးရရှိမည်ဟု မျှော်မှန်းကြောင်း နိုင်ငံခြားစိုက်ပျိုးရေးဝန်ဆောင်မှု (FAS) မှ သုံးသပ်ထားသည်။

**Source:** www.world-grain.com

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%98%E1%

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ငါးရံ့ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ငါးရံ့ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍သိရသည်။ ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ကုန်များကို တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ရန်ကုန်ဈေးကွက်သို့ ငါးရံ့ပိဿာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ငါးရံ့ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

“ကျိုက်လတ်မြို့နယ်ရဲ့ ရေထွက်ကုန်ဈေးကွက်က ရန်ကုန်ဈေးကွက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လ ၁ ရက်နေ့ကနေ ၃၁ ရက်နေ့ထိ ငါးရံ့ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ငါးရံ့က အသားပေါတဲ့ ငါးအမျိုးအစားပါ။ ပြည်တွင်းမှာကို အဝယ်လိုက်နေတာပါ။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူမှုအားကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာတယ်” ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရသည့် ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၂၅,၀၀၀၊ ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၉၅,၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသတွင် ငါးရံ့မွေးမြူရေးလုပ်ငန်းနှင့် သဘာဝအတိုင်း ချောင်း၊ အိုင်၊ မြောင်း၊ လယ်ကွင်းများမှ ရှာဖွေဖမ်းဆီးရရှိသည့် ငါးရံ့များထွက်ရှိကြောင်း ဆက်လက်ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရွှေဘိုဈေးကွက်သို့ ကုလားပဲ(V2)များ စတင်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုဈေးကွက်သို့ ကုလားပဲ(V2) သီးနှံများ မတ်လ(ဒုတိယအပတ်)မှစတင်၍ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ကုလားပဲ(V2) တစ်တင်းလျှင် (၇၈,၀၀၀)ကျပ် ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ (၉၀၀)တင်း၊ တန်အားဖြင့် (၂၅)တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှိုင်းယှဉ်ပါက ယခင်နှစ်၌ ကုလားပဲ(V2) တစ်တင်းလျှင် (၆၇,၃၀၀)ကျပ်သာ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ထက် တစ်တင်းလျှင် (၁၀,၇၀၀)ကျပ် ဈေးနှုန်းပိုမိုရရှိခဲ့ပြီး ဝင်ရောက်သည့် ကုလားပဲ(V2)များအားလုံး ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

DOCA(စစ်ကိုင်း)

https://www.commerce.gov.mm/my/article

## ဗီယက်နမ်နိုင်ငံ၏ တူနာငါးထုတ်ကုန်များအား ကမ္ဘာတစ်ဝှမ်းရှိ ဈေးကွက် ၈၀ ခုသို့ တင်ပို့လျက်ရှိ

ဗီယက်နမ်နိုင်ငံ၏ ရေထွက်ကုန်များ တင်ပို့မှုသည် ယခုနှစ် ပထမသုံးလပတ်တွင် အပြုသဘောဆောင်သော တိုးတက်မှုများ ရရှိခဲ့ကြောင်း၊ ပြုပြင်ထားသော တူနာငါးများအပါအဝင် ပင်လယ်စာတင်ပို့မှုအတွက် အလားအလာကောင်းများဖြစ်ကြောင်း Vietnam Net Global အွန်လိုင်းသတင်းဖော်ပြချက်အရ သိရသည်။

ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (VASEP) ၏ အဆိုအရ တူနာငါးသေတ္တာတင်ပို့မှုသည် တစ်နှစ်ထက်တစ်နှစ် ၅၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း၊ ယခင်နှစ်ပမာဏထက် ၂၀ ရာခိုင်နှုန်းတိုးလာကာ အမေရိကန်ဒေါ်လာ ၁၉၆ သန်းကျော်ရရှိခဲ့ကြောင်း ဖော်ပြထားသည်။

VASEP ၏ တူနာငါးဈေးကွက်ကျွမ်းကျင်သူ Nguyen Ha က ဗီယက်နမ်တူနာငါး တင်ပို့သူများသည် ယခုနှစ်အစပိုင်းမှစပြီး တင်ပို့သည့်ဈေးကွက် အောင်မြင်စွာချဲ့ထွင်နိုင်ကြောင်း ပြောကြားခဲ့သည်။ ယခင်နှစ် အလားတူကာလအတွင်း ဈေးကွက် ၇၀ ကျော်သို့ တင်ပို့ခဲ့နိုင်ခဲ့ပြီး ယခုနှစ် ပထမသုံးလပတ်တွင် တူနာငါးထုတ်ကုန်များသည် ဈေးကွက် ၈၀ ကျော်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့်အီးယူသို့ တူနာငါးတင်ပို့မှု ကျဆင်းခဲ့သော်လည်း ကျန်ဈေးကွက်များမှာ သိသိသာသာ တိုးတက်လာကြောင်း၊ အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာနှင့် ထိစပ်နေသော နိုင်ငံ ၁၁ နိုင်ငံကြား ကုန်သွယ်ရေးသဘောတူညီချက်ရှိသည့် (CPTPP) ဈေးကွက်များသို့ ပို့ကုန်တူနာငါးတင်ပို့မှုမှာ ဆက်လက်တိုးလာခဲ့သည်။ အထူးသဖြင့် ကနေဒါနှင့်ချီလီသို့တင်ပို့မှုမှာ ၁၄၆ ရာခိုင်နှုန်းနှင့် ၁၁၆ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (ITC) မှ စာရင်းအင်းများအရ ဗီယက်နမ်နိုင်ငံသည် ထိုင်းနှင့်အီတလီပြီးလျှင် ၂၀၂၃ ခုနှစ်တွင် Canada အတွက် တတိယအကြီးဆုံး တူနာငါး ရောင်းချသူဖြစ်ကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း ကနေဒါစားသုံးသူများသည် တူနာအပါအဝင် ရေထွက်ကုန်များ စားသုံးမှုလျော့ကျသွားခြင်းကြောင့် ပြီးခဲ့သည့်နှစ်အတွင်း ကနေဒါနိုင်ငံ၏ အဓိကရောင်းချသူများထံမှ တူနာတင်သွင်းမှု သိသိသာသာ လျော့ကျသွားခဲ့ကြောင်း၊ စားသုံးသူများအနေဖြင့် ဈေးနှုန်းသက်သာသော ပရိုတင်းရင်းမြစ်များကို ရွေးချယ်ခဲ့ကြောင်း ဖော်ပြထားသည်။

သို့သော်လည်း မြောက်အမေရိကနိုင်ငံ၏ ရေထွက်ပစ္စည်း စားသုံးမှုဝယ်လိုအားသည် လာမည့်ငါးနှစ်အတွင်း တိုးလာမည်ဟု ခန့်မှန်းထားသောကြောင့် ကနေဒါသို့ဗီယက်နမ်နိုင်ငံသို့ တူနာငါးတင်ပို့မှု ပြန်လည်ကောင်းမွန်လာမည်ဟု မျှော်လင့်ကြောင်း VASEP ကိုယ်စားလှယ်၏ အဆိုအရ သိရသည်။

ဥရောပတွင် ပေါ်တူဂီသည် အီးယူနိုင်ငံများတွင် ဗီယက်နမ်တူနာငါးတင်သွင်းမှုတွင် ဆဋ္ဌမမြောက်အကြီးဆုံး တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ယခုနှစ် ပထမသုံးလပတ်တွင် အမေရိကန် ဒေါ်လာ ၂၂၀,၀၀၀ ကျော် တင်သွင်းခဲ့ပြီး ယခင်နှစ်အလားတူကာလထက် နှစ်ဆပိုမို များပြားခဲ့သည်။ အဆိုပါကိန်းဂဏန်းသည် အနည်းငယ်မျှသာဖြစ်သော်လည်း ၎င်းသည် ဗီယက်နမ်မှ တူနာငါးများကို အဆိုပါဈေးကွက်သို့ တင်ပို့ရန်အတွက် အလားအလာကောင်းများကို ဖော်ပြလျက်ရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ရေထွက်ပစ္စည်းတင်ပို့မှု၏ အပြုသဘောဆောင်သော တိုးတက်မှုသည် အနာဂတ်ကာလအတွက် အလားအလာကောင်းများဖြစ်ပြီး ပေါ်တူဂီကဲ့သို့သော ဥရောပဈေးကွက်များတွင် ဝယ်လိုအားကြီးမားလာခြင်းသည် ဗီယက်နမ်နိုင်ငံ၏ တူနာငါးတင်ပို့သူများအတွက် စားသုံးသူဈေးကွက် အရင်းအမြစ်ကွဲပြားစေပြီး အနာဂတ်စီးပွားရေးခိုင်မာစေမည့် အခွင့်အလမ်းများဖြစ်ပါကြောင်း သုံးသပ်တင်ပြရပါသည်။

**Source: Vietnam Net Global**

**(စီးပွားရေးသံမှူးဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp_090420240110

## STOCK EXCHANGE (10.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,711 (Shares) | 3,793,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +400 | +4.82% | 8,500 | 8,700 | 8,500 | 105 | 903,600 | 33,109,694 | 288,054 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 52 | 150,700 | 38,929,150 | 112,895 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 734 | 1,101,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 102 | 265,200 | 12,823,224 | 33,340 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 244 | 422,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 1 | 4,600 | 10,497,598 | 48,289 |
| MAEX | 00008 | 2,000 | -50 | -2.44% | 2,000 | 2,000 | 2,000 | 473 | 946,000 | 23,804,946 | 47,610 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 9th Apr. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.78 | +7.95 | +2.22% | 358.20 | 366.78 | 358.20 | 1,711 | 3,793,100 | 8 | 691,813 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 10th Apr. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,899 (Shares) | 7,834,250 (MMK) |

| MYANPIX | 369.80 ▲ 3.02 |
|---|---|
| Total Volume (shares) | 2,899 |
| Total Value (MMK) | 8 mil |
| Listed Company | 8 |
| Market Cap. (MMK) | 697,504 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 2,100 | ▲ 100 |

TIR